ဖွံ့စည်းပုံအခြေခံဥပဒေဆိုင်ရာလူထုသဘောထားဆန္ဒဖော်ထုတ်ရေးကော်မတီ

P. O Box 144 Mae Sot Tak 63110 Thailand Tel (66) 07 2109554, (66) 07 8492621 Email: ccrpaburma@csloxinfo.com

# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလူထုဆန္ဒသဘောထားဖော်ထုတ်ရေးဆွေးနွေးပွဲ အမှတ်စဉ်(၁)

## သတင်းထုတ်ပြန်ချက်

## အောက်တိုဘာလ (၄) ရက်

မြန်မာနိုင်ငံရှေ့နေများကောင်စီ (BLC) နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လွတ်မြောက်နယ်မြေ (NLD-LA)တို့ ပူးပေါင်းဖွဲ့စည်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလူထုဆန္ဒသဘောထားဖော်ထုတ်ရေး ကော်မီတီ (CCRPA)သည် လူထုဆန္ဒဖော်ထုတ်ရေး ဆွေးနွေးပွဲတခုကို ထိုင်း– မြန်မာနယ်စပ် တနေရာတွင် ၃၊ ၁၀၊ ၀၄ နေ့တွင် နံနက် (၉)နာရီမှ ညနေ (၃)နာရီအထိ ကျင်းပခဲ့ပါသည်။ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမား (၈၀)ကျော်တက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲ၌ ကော်မီတီ၏ဥက္ကဋ္ဌဖြစ်သူ ဝိုင်းမော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒူးဝါးဇော်အောင်မှ အဖွင့်အမှာ စကားပြောကြားပြီး သဘာပတိအဖြစ် ကော်မီတီ၏အတွင်းရေးမှူး–ခရမ်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သွင်မှ ဆောင်ရွက်ခဲ့ပါသည်။ သဘာပတိနှင့် ကဝမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမျိုးဝင်းတို့ကလည်း အမှာစကားများ အသီးသီး ပြောကြား ကြပါသည်။

ဆွေးနွေးပွဲတွင် ရွှေ့ပြောင်းအလုပ်သမားများမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြံပြုမှုများ ပြုလုပ်လာနိုင်ရေးအတွက် လိုအပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သိမြင်မှုများ တိုးပွားလာရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးရာဗဟုသုတများကို ကော်မီတီ၏ လုပ်ငန်းအဖွဲ့ဝင်များက သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

ပထမဦးစွာ မှတ်တမ်းနှင့်သုတေသနလုပ်ငန်းအဖွဲ့ဝင် နန်းချိုချိုသာထက်က “ဖွဲ့စည်းပုံအခြေခံဥပဒေမိတ်ဆက်”ကို ဆွေးနွေးရာတွင် အချို့မြန်မာနိုင်ငံပြည်သူတို့သည် ဥပဒေကို ကြောက်စရာဟုထင်မှတ်နေကြ ကြောင်း၊ လူထုဆန္ဒဖြင့် အခြေခံရေးသားထားသော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာရေးအတွက် ရှန်းကန်တိုက်ပွဲဝင်သွားရမည်ဖြစ်ကြောင်း၊ မည်သည့် အစိုးရပင်တက်လာသည်ဖြစ်စေ အာဏာအလွဲသုံးစားမှု မဖြစ်အောင် ကြိုးပမ်းရမည် ဖြစ်ကြောင်း ဆွေးနွေးသွားခဲ့ပါသည်။

လူ့အခွင့်အရေးခေါင်းစဉ်ဖြင့် အစည်းအဝေးကျင်းပရေးဆိုင်ရာလုပ်ငန်းအဖွဲ့မှ ဦးခင်မောင်ဝင်းက ဆွေးနွေးရာတွင် လူ၌မည်သည့်ထူးခြားချက်ဂုဏ်ရည်များရှိကြောင်းနှင့် လူအဖြစ်ရပ်တည်ရန်အတွက် မည်သည့်အရာများက ပံ့ပိုးပေးရန် လိုအပ်သနည်းဆိုသော အချက်နှစ်ခုအတွက် ရွှေ့ပြောင်းအလုပ်သမားများထံမှ အမြင်သဘောထားရယူရာ အလုပ်သမားများက ၎င်းတို့၏ သဘောထားအမြင်များကို အစိမ်းနုရောင်နှလုံးသား ပုံရှိသောစာရွက်နှင့် ပန်းရောင်စာရွက်များတွင် အုပ်စုနှစ်ခုခွဲ၍ ရေးပေးကြပါသည်။ လူ၌ မည်သည့်ထူးခြားချက် ဂုဏ်ရည်များရှိကြောင်း ဆိုသည့်အချက်အတွက် ရွှေ့ပြောင်းအလုပ်သမားတဦးက အောက်ပါအတိုင်း ဆွေးနွေးတင်ပြသွားသည်။

**“လူဆိုသည်မှာ အသိဉာဏ်ရှိတယ်။ ကိုယ်ချင်းစာနာစိတ်ရှိတယ်။ ကိုယ်ပိုင်တွေးတောပိုင်ခွင့်ရှိတယ်။ စဉ်းစားပိုင်ခွင့်ရှိတယ်။ သနားညှာတာစိတ်ရှိရမယ်။ ကူညီစိတ်ထားရှိရမယ်။ အပြန်အလှန်စိတ်ရှိရမယ်။”**ဟု ဖေါ်ပြထားပါသည်။

လူအဖြစ်ရပ်တည်ရန် မည်သည့်အရာများက ပံ့ပိုးသနည်းဟူသောအချက်နှင့်ပတ်သက်၍ အခြားရွှေ့ပြောင်းအလုပ်သမားတဦးက **“လူဖြစ်ဖို့ပတ်ဝန်းကျင်လိုတယ်။ တီထွင်ကြံဆဖို့ ဗဟုသုတလိုတယ်။ ဗဟုသုတရဖို့အတွက် စာစောင်တွေ ဖတ်ဖို့လိုတယ်။ အသက်ရှင်ရပ်တည်ဖို့ အလုပ်လုပ်ဖို့လိုတယ်။”**ဟု တင်ပြသည်။

ပုဂ္ဂိုလ်ရေးလုံခြုံမှုခေါင်းစဉ်ဖြင့် အစည်းအဝေးကျင်းပရေးဆိုင်ရာလုပ်ငန်းအဖွဲ့မှ ဦးထွန်းထွန်းအောင်က ဆွေးနွေးရာတွင် လူတယောက်သည် မတော်မတရားအပြုကျင့် မခံရအောင် ကာကွယ်ပေးနိုင်မည့် အချက်များကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အသေအချာ ထည့်သွင်းပြဋ္ဌာန်းပေးဖို့လိုကြောင်း ရှင်းလင်းပြောကြားပါသည်။

ရွှေ့ပြောင်းအလုပ်သမားများက နေ့စဉ်ဘဝတွင် နေထိုင်ရေး၊ သွားလာရေး၊ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရမှု အစရှိသည်တို့၌ အမြဲတန်းစိုးရိမ်နေရကြောင်း ပြန်လည်ဆွေးနွေးပါသည်။

မှတ်တမ်းနှင့်သုတေသနလုပ်ငန်းအဖွဲ့မှ မိဉာဏ်ထောက အသက်ရှင်ရပ်တည်ခွင့် အခွင့်အရေးနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆက်စပ်မှု ဆွေးနွေးရာတွင် လူရယ်လို့ဖြစ်လာရင်ဘာပါလာသလဲဆိုသော မေးခွန်းဖြင့် သူမ၏ ဆွေးနွေးမှုကို စိတ်ဝင်စားဘွယ်ရာစတင်လိုက်ရာ အလုပ်သမားအချို့က **အသက်** ပါလာကြောင်း ဖြေကြားကြပြီး အသက်ကို တီထွင်၍ မရကြောင်း မိဉာဏ်ထောက ပြောကြားပါသည်။ ထို့အပြင် နယ်သာလန်နိုင်ငံ၌ အသက်ရှင် ရပ်တည်ပိုင်ခွင့်ကို ဖွဲ့စည်း ပုံအခြေခံဥပဒေတွင် အသေအချာပြဌာန်းထားရာ ယင်းနိုင်ငံသားတယောက် ထိုင်းနိုင်ငံတွင် မူးယစ်ဆေးဝါးအမှုဖြင့် အဖမ်းခံရပြီး သေဒဏ်ပေးခံရမည့် ဆဲဆဲတွင် နယ်သာလန်နိုင်ငံမှ ယင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အသက်ရှင်ရပ်တည်ပိုင်ခွင့် အခွင့်အရေးအပေါ် အသေအချာတောင်းဆိုမှုကြောင့် ထိုင်းနိုင်ငံမှ သေဒဏ်မပေးနိုင်ခဲ့ပဲ ဖြစ်သွားခဲ့ကြောင်း ဆွေးနွေးပါသည်။

နေ့လည်ပိုင်း ထမင်းစားချိန်တွင်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ရွှေ့ပြောင်းအလုပ်သမားတို့ လက်ရေတပြင်တည်း အတူစားသောက်ကြပြီးနောက် တရင်းတနှီးနွေးထွေးစွာ တွေ့ဆုံစကားပြောခဲ့ကြပါသည်။

ထိုနောက် နေ့လည်ပိုင်းပြန်စချိန်တွင် ဆက်သွယ်ရေးနှင့်ပြန်ကြားရေးလုပ်ငန်းအဖွဲ့မှ ခွန်းရောဘတ်က လွတ်လပ်စွာသွားလာခွင့်နှင့်ဖွဲ့စည်းပုံ အခြေခံဥပဒေဆက်စပ်မှုကို ဆွေးနွေးရာတွင် ဒီမိုကရေစီနိုင်ငံတွင် နိုင်ငံသားတဦးသည် ပြည်ပနိုင်ငံတခုသို့ လွတ်လပ်စွာ ခရီးထွက်သွားနိုင်ကြောင်း၊ လွတ်လပ်စွာလည်း မိခင်နိုင်ငံသို့ ပြန်လည် ဝင်ရောက်ပိုင်ခွင့်ရှိကြောင်း၊ အလုပ်သမားများသည် တနှစ်လျှင် အနည်းဆုံး (၄၅)ရက် ခွင့်ယူပိုင်ခွင့်ရှိကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အတိအကျရေးသားထားသဖြင့် ထိုနိုင်ငံများမှ အလုပ်သမားများသည် မိမိတို့ အာရှဒေသအပါအဝင် ကမ္ဘာ့ဒေသအသီးသီးသို့ အပန်းဖြေခရီး ထွက်နိုင်ကြောင်း ရှင်းလင်းပြောကြားပါသည်။

အစည်းအဝေးကျင်းပရေးဆိုင်ရာလုပ်ငန်းအဖွဲ့မှ ကိုကျော်ထွန်းက လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် ပတ်သက်၍ ဆွေးနွေးရာ၌ ဒီမိုကရေစီရှိသောနိုင်ငံများတွင် အလုပ်သမားများသည် အလုပ်သမားသမဂ္ဂများကို လွတ်လွတ်လပ်လပ် ဖွဲ့စည်းခွင့်ရှိ၍ အလုပ်သမားများ၏ နစ်နာမှုများကို အလုပ်သမားသမဂ္ဂမှ ရပ်တည်တောင်းဆိုပေးကြောင်း ရှင်းလင်းပြောကြားပါသည်။

အစည်းအဝေးကျင်းပရေးဆိုင်ရာလုပ်ငန်းအဖွဲ့မှ ကိုစံသာအောင်က ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်မှာ ပြည်သူလူထုပါဝင်မှု၏ အရေးကြီးပုံနှင့်ပတ်သက်၍ဆွေးနွေးရာတွင် ၁၉၉၇ခုနှစ် ထိုင်းနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်၌ ပြည်သူလူထု၏ ပါဝင်ပတ်သက်ပုံများအကြောင်းကို အသေးစိပ် ရှင်းလင်းပြောကြားပါသည်။ ထိုသို့ ဆွေးနွေးရာတွင် မူကြမ်းဦးဆောင်ရေးဆွဲသူ (၉၉)ဦးက ပြည်သူလူထုထဲသို့ဆင်း၍ ပြည်သူလူထု ဖြစ်စေချင်သော ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်သူလူထု ပါဝင်စေချင်သော အချက်များကို အကြံပြုချက်တောင်းခဲ့ရာ ပြည်သူလူထုက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဗဟုသုတများ မေးမြန်းလာသဖြင့် ကနဦးတွင် ပညာပေးမှုများလည်း ပြုလုပ်ခဲ့ရကြောင်း ပြည်သူလူထုထံမှ အကြံပြုစာပေါင်း (၂)သန်းကျော်ရရှိခဲ့ကြောင်း ဆွေးနွေးပြောကြားပါသည်။

ရွှေ့ပြောင်းအလုပ်သမားများက မရှင်းလင်းသည်များ၊ ပို၍ သိလိုသည်များကို မေးမြန်းဆွေးနွေးသည့် အပိုင်းတွင် ရွှေ့ပြောင်းအလုပ်သမားတဦးက **“ကိုယ်မကြိုက်သောဥပဒေများကို ကန့်ကွက်၍ရပါသလား၊** ပညာရေးနှင့် ပတ်သက်၍ ဒီမိုကရေစီအစိုးရတက်လာလျှင် ယခုရန်ကုန်မြို့ပြင်ကို ပို့ထားတဲ့တက္ကသိုလ်ကျောင်းတွေကို ကျောင်းသားတွေ စုစုစည်းစည်း ညီညီညွတ်ညွတ် ပျော်ပျော်ရွှင်ရွှင် ကျောင်းတက်နိုင်အောင် မြို့ထဲကို ပြန်ပြောင်းစေချင်တယ်”ဟု ဆွေးနွေးမေးမြန်းသွားပါသည်။

နောက်ဆုံးတွင်သဘာပတိ ဦးကျော်သွင်က ယခုလို မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အခက်အခဲအမျိုးမျိုးကြားမှ ဆွေးနွေးပွဲတက်ရောက်လာခြင်းအပေါ်ကျေးဇူးတင်ကြောင်း၊ နောက်ပိုင်းတွင်လည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်ပတ်သက်၍ အကြံပြုမှုများပြုလုပ်နိုင်ရန် လေ့လာမှုများ ပြုလုပ်ကြပါဟု တိုက်တွန်းလိုကြောင်း ပြောကြားကာ ဆွေးနွေးပွဲကို ရုတ်သိမ်းခဲ့ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလူထုသဘောထားဆန္ဒဖေါ်ထုတ်ရေးကော်မီတီ (CCRPA)




ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ လူထုသဘောထား
ဆန္ဒပေါ် ထုတ်ရေး ကော်မတီ
၃-၁၀-၂၀၀၇

